# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## ဒုတိယနေ့ အစီအစဉ်

## [ ၁၇-၁၁-၂၀၁၆ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးညဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာမြို့နယ် စသည့် မြို့သစ်များနှင့် ယာဉ်ကြောပိတ်ဆို့မှု မရှိသော မြို့နယ်များတွင် မော်တော်ဆိုင်ကယ်စီးနင်းခွင့်ပြုရန်နှင့် သက်ဆိုင်ရာမြို့နယ်အလိုက် မော်တော်ဆိုင်ကယ်စီးနင်းခွင့် လိုင်စင်များ ပြုလုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်၏ **မုန်းချောင်း တစ်စိတ်တစ်ပိုင်းအား ကမ်းထိန်းနံရံ ပြုလုပ်ခြင်း၊ ကွေ့ကောက်၍ စီးဆင်းနေသော မုန်းချောင်းရှိ သဲသောင်များအား ဖြောင့်တန်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအောင်လှိုင်ဝင်း၊ မင်္ဂလာဒုံ မဲဆန္ဒနယ်၏ **မင်္ဂလာဒုံမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမ အင်အား ထပ်မံဖြည့်တင်းပေးရန်နှင့် စာသင်ခန်းများ ထပ်မံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **၂၀၁၆–၂၀၁၇ ပညာသင်နှစ် အတွက် ကလေးတက္ကသိုလ် ဥပဒေပညာ ဘာသာရပ်ကို 'နေ့သင်တန်း' ဥပဒေပညာဘာသာရပ်၊ ဥပဒေပညာဌာန ထားရှိ၍ တိုးချဲ့ ဖွင့်လှစ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **ပြည်မြို့နယ်ရှိ နည်းပညာတက္ကသိုလ်တွင် IT, MC နှင့် Petroleum Major များကို ပြန်လည် ခေါ်ယူပေးရန်နှင့် အခြားခေတ်နှင့်လျော်ညီသော Major များ ဖွင့်လှစ်ပေးသွားရန် အစီအစဉ်ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **၂၀၁၆–၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ကျောင်းသားဦးရေ မည်မျှရှိ၍ သမိုင်းဘာသာရပ် ပြဋ္ဌာန်းစာများကို ပြန်လည်စိစစ်ပြဋ္ဌာန်းရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမျိုးညွန့်၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်အတွင်းရှိ နန့်နှစ်၊ ပါဟုတ်ကြီး၊ တောင်ဦး၊ ရေပေါ်မီး၊ နန့်သာ၊ စေတီဆိပ် အ.လ.က(ခွဲ) ကျောင်းများကို အလယ်တန်းကျောင်းအဆင့် တိုးချဲ့ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်က **"အိမ်အကူအလုပ်သမားများ အပါအဝင် အလုပ်သမားများခန့်ထားရာတွင် ပြဋ္ဌာန်းထားသော ဥပဒေနှင့် အညီ အလုပ်သမား မှတ်ပုံတင်ထားပြီးမှ ခန့်ထားရန်နှင့် အလုပ်ရှင်များမှ အလုပ်သမားများကို အဓမ္မခိုင်းစေခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း ကဲ့သို့သော**

**ဥပဒေမဲ့လုပ်ရပ်များ မလုပ်နိုင်ရန် ကာကွယ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

## (သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက တင်သွင်းသည့် **"ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာ့ပိုင်နက် ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။